Vol. 2 ., Issue 6

# The STRATEGY FIRST Times

January 23, 2017 | ၁၃၇၈ ခု၊ပြာသိုလပြည့်ကျော် (၁၁) ရက်နေ့၊တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်



EDINBURGH BUSINESS SCHOOL HERIOT-WATT UNIVERSITY

## EBS MBA Batch - 2 ကို ဇန်နဝါရီ (၂၁) ရက်နေ့မှာ စတင်ဖွင့်လှစ်

## Dr. Daw Khin Ohn Thant MBA Scholarship နှင့် MBA Lucky Draw Scholarship များရွေးချယ်ချီးမြှင့်

စာ -၁၂ သို့

## စက္ကန့်အနည်းငယ်နဲ့ First Impression ကောင်းအောင်လုပ်ပါ

တကယ်လို့ သင်ဟာ အကြောင်းကိစ္စ တစ်ခုခုနဲ့ ပတ်သက်လို့ လူတွေအများကြီးရှေ့မှာ ရှင်းပြ၊ပြောပြရမယ့်ပွဲကြီးတစ်ခုနဲ့ ကြုံလာရပြီဆိုပါစို့။အဲဒီမှာသင်ဟာ လူအထင်ကြီးနိုင်လောက်တဲ့ အကြောင်းအရာတွေကို စုစည်းပြင်ဆင်ရတာ၊ မေးလာမယ့် မေးခွန်းခက်ခက်တွေအတွက် ကြိုတင်ပြင်ဆင်ရတာမျိုး လုပ်မှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ ပြဿနာတစ်ခု ရှိနေပါတယ်။ ဒီလိုပွဲကို ရောက်လာကြမယ့်သူ အားလုံးဟာ သင့်ရဲ့ ပြုပြင်လှုပ်ရှားပုံ တစ်ခုတည်းပေါ်မှာပဲ ဝိုင်းပြီး အာရုံစိုက်ကြမှာဖြစ်လို့ ပထမဆုံး နှစ်စက္ကန့်လောက် အချိန်လေးဟာ သင့်ကို သူတို့တွေ ဘယ်လိုရှုမြင်သွားမလဲ ဆိုတာဆုံးဖြတ်ပေးမယ့်အရေးအကြီးအချိန်ဖြစ်လို့အဲဒီ အချိန်ကို ကောင်းမွန်စွာ ကျော်ဖြတ်ဖို့ လိုအပ်ပါတယ်။

စာ - ၈ သို့





## NCC L5DB Batch-1 မှ ကျောင်းသား/သူများရဲ့ ဘန်ကောက်ခရီးစဉ်

စာ -၂ သို့

## ရန်ကုန်ဘတ်စ်ကား အပြောင်းအလဲ

စာ -၇ သို့



## “Why work doesn’t happen at work”

စာ -၁၀ သို့









# NCC L5DB Batch-1 မှ ကျောင်းသား/သူများရဲ့ ဘန်ကောက်ခရီးစဉ်

NCC L5DB Batch 1 မှ ကျောင်းသား၊ ကျောင်းသူများ နဲ့ ဆရာဦးအောင်ချစ်ခင် ဦးဆောင်တဲ့ Strategy Firstအဖွဲ့သားများဟာ ဘန်ကောက်မြို့သို့ ဇန်နဝါရီလ (၄) ရက်နေ့မှ (၇) ရက်နေ့ထိ (၄) ရက်တာ လေ့လာရေး ခရီးသွားရောက်ခဲ့ပါတယ်။

လေ့လာရေးခရီးမှာ **Strategy First Institute** ရဲ့ မိတ်ဖက်ဖြစ်တဲ့ Stamford International University သို့ သွားရောက် လေ့လာခဲ့ပြီး Industry Visit အနေနဲ့ 3M Customer Experience ကို သွားရောက်ကာ 3M ရဲ့ Business Operation များကိုလေ့လာ ခဲ့ကြပါတယ်။

December နဲ့ January ဟာ ခရီးသွား ရာသီဖြစ်တာမို့ ဘန်ကောက်ကို လာရောက်ကြ သူ ပေါများလှပါတယ်။ ခရစ်စမတ်နဲ့ နှစ်သစ် ကူးအတွက် Discount များ ပေါပေါသီသီ ပေးတဲ့ ရာသီဖြစ်တဲ့ အတွက် ဈေးဝယ်သူ အများအပြား လာရောက်ကြတာလည်း ဖြစ် ပါတယ်။ ဒီကာလတွေမှာ ဘန်ကောက်သွား လည်မယ် ဆိုရင်တော့ Discount ချတာတွေ လိုက်ဝယ်သင့်ပါတယ်။Shopping ထွက်ဖို့ အကောင်း ဆုံးမြို့ဖြစ်ပြီး တော့ Quality အနေ နဲ့ လည်းကောင်းပြီး ဈေးနှုန်း ချိုသာတဲ့ ပစ္စည်း တွေ များစွာတွေ့ရတဲ့နေရာလည်း ဖြစ်ပါတယ်။

ကျောင်းသားများနဲ့ ဆရာတို့အဖွဲ့ဟာ Shopping Mall နဲ့ ငါးပြတိုက်နဲ့ တစ်နေရာ ထဲမှာရှိတဲ့ Siam Ocean World ကိုသွားရောက် လည်ပတ်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ Grand Palace နဲ့ Emerald Buddha ကိုလည်း

မိုးချမ်းမြေ့ထက်၊ သော်ယမုံမြင့်ဦး
လွှေးမြင့်မြင့်ကြည်

သွားရောက်ကာ ဘုရားဖူးခဲ့ပြီး ထိုင်းဘုရင် အကြောင်း၊ ခမ်းနားတဲ့ နန်းတော်ကြီး တို့ကို တစ်ဆက်တည်းလေ့လာခဲ့ပါတယ်။ Siam Park City ကိုလည်းသွားရောက်လည်ပတ်ခဲ့ပါတယ်။













The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Naing Naing Zaw

**Senior Reporter/ Assistant Editor**
Thiha Ko Ko

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# YBS အပြောင်းအလဲကို ဘယ်လိုမြင်လဲ



**ဒေါ်ကျော့ခင်ခင်ခန့်**
**(Lecturer)**

အခုပြောင်းလဲသွားတဲ့ သယ်ယူပို့ဆောင်ရေးနဲ့ပက်သက်ပြီး ပြောရရင် Public Transportation ကိုပဲ အားထားအသုံးပြုနေရတဲ့ ပြည်သူတွေအတွက်တော့ အခက်အခဲတွေ ရှိတယ်လို့ ကြားနေရပါတယ်။ အရင် (၆) နာရီထွက်တဲ့သူက ရုံးချိန် နောက်ကျမှာစိုးတော့ (၅) ခွဲလောက်ကတည်းက ထွက်ရမယ့်ပုံတွေဖြစ်နေတယ်။ အစမို့သည်းခံရတယ်ဆိုပေမယ့်ဒါကိုပြေလည်အောင် မလုပ်နိုင်လို့ အမြဲဖြစ်ရင်တော့ အဆင်မပြေနိုင်ဘူး။ လမ်းပေါ်မှာ ကားတွေပိုလာတယ်မြင်တယ်။ ခရီးသွားတွေကလည်းကားအလာနည်းနည်းကျဲတော့ စီးမယ့်ကားလာရင်မဲပြီးပြေးတက်တော့ နောက်ကလာတဲ့ ကားကို မမြင်ဘဲ အန္တရာယ်တွေဖြစ်မှာ စိုးရိမ်မိပါတယ်။



**မျိုးမျိုးမြတ်**
**(Own Business Management)**

သယ်ယူပို့ဆောင်ရေး အပြောင်းအလဲက YBS စတော့ ကိုယ်လည်းစီးကြည့်ချင်တာပေါ့။ အဲတာနဲ့သမိုင်းမှာအိမ်ကားကနေဆင်းပြီး ဘတ်စ်ကားစီးကြည့်မယ်ဆိုပြီးလုပ်တာ၊ ကားလည်းဆိုက်တော့ လူတွေကလည်း ဘာမှန်းသေသေချာချာမသိတော့လှည်းတန်းရောက်တယ်ဆိုတော့ တစ်ဝုန်းဝုန်းနဲ့ပြေးတက်လိုက်နဲ့ဖြစ်နေတာပေါ့။ အစနေ့လည်း ဖြစ်နေပြန်တယ်။ အဲနေ့ကတော့ ကားလမ်းတွေတော့ ချောင်တာတွေ့ရတယ်။ ကားပေါ်မှာ လူတွေတော့ မချောင်ပေမယ့် လမ်းပေါ်မှာ ကားတွေနည်းသွားတယ်။ အဲနေ့ကသွားရတာမြန်မြန်ရောက်ပေမယ့် ကားတွေနည်းတော့စီးရတာတော့ပင်ပန်းကြမှာပါ။ Plan B နည်းနည်း အားနည်းတယ်လို့မြင်ပါတယ်။နောက်ပိုင်းမှာတော့ အဆင်ပြေသွားမယ်လို့မြင်ပါတယ်။



**ထက်လင်း**
**(abe )**

အခုလောလောဆယ်တော့အဆင်မပြေသေးဘူး။ပြောင်းတော့ပြောင်းလိုက်တယ်၊ လူတွေကလည်း မျှော်မှန်းတာက ၁၆ ရက်နေ့ဆို ကားအသစ်တွေနဲ့ အဆင်ပြေမယ်ထင်ထားခဲ့ပေမယ့်တကယ်လည်း ကြုံလိုက်ရတော့ အဟောင်းတွေကို တံဆိပ်ခွာပြီး ပြေးဆွဲတာ တွေ့လိုက်ရတော့ယုံကြည်မှုက လျော့သွားတယ်မြင်မိတယ်။ တိုက်ရိုက်သွားတဲ့ကားက နည်းနည်းလေးပဲရှိတော့ Management ပိုင်းမှာအားနည်းတယ်လို့မြင်တယ်။လိုင်းတွေမှာ ခရီးသည် ဘယ်လောက်ရှိသလဲဆိုတာ မတွက်မိခဲ့တာတွေပေါ့။ အချို့လိုင်းတွေကျတော့လည်းလူတွေချောင်ပြီး ကားတွေများနေတယ်လို့ ကြားရပြန်တယ်။အစီစဉ်စတဲ့ရက်ကလည်းရုံးတက်တဲ့ပထမရက် တနင်္လာနေ့ဆိုတော့ အားလုံး စုစုံသွားတာပေါ့။



**ဖွဲ့စည်သူ**
**(Sales & Sales Management)**

အချိန်တော့ ယူရဦးမှာပါ။ တစ်ဆင့်တည်းနဲ့ကိုယ်လိုချင်တဲ့နေရာကိုမရောက်တော့ ကုန်ကျစရိတ် ပိုတာတွေလည်း ရှိလာပါတယ်။ကိုယ်ပိုင်ကားတွေအတွက် လမ်းကြောင်း ပိုချောင်လာတယ်လို့ မြင်ပါတယ်။ ယာဉ်စီးတဲ့သူတွေတော့ ဒုက္ခရောက်နေကြတယ်၊ အနည်းဆုံးတော့ နှစ်ပတ်လောက်တော့ အချိန်ယူရဦးမယ်လို့ မြင်ပါတယ်။ အရင်ကားတွေနဲ့ အရင်လူတွေပဲဆိုတော့ ပြည်သူတွေအတွက်တော့ အဆင်မပြေတာတွေကတော့ အခုအချိန်အထိ ရှိနေဆဲပါပဲ။ အစိုးရပိုင်းကတော့ စည်းကမ်းချက်ကိုတော့ အသေအချာကို ကိုင်တွယ်ရမှာပါ။ ပြည်သူတွေ အပိုင်းကလည်း စနစ်သစ်တစ်ခုအတွက် စိတ်ရှည်ရှည်နဲ့ ဝိုင်းဝန်းပူးပေါင်းမှပဲ အခုစနစ်သစ်က အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။



**ဖြိုးဟိန်းကို**
**(NCC)**

အခုထိတော့ အဆင်မပြေပါဘူး။ အရမ်းလူတွေ တိုးစီးနေရတော့ သိပ်တော့အဆင်မပြေပါဘူး။ဒါပေမဲ့တစ်စီးပြီးတစ်စီး အချိန်မှန်လေး ပြေးဆွဲပေးမယ်ဆိုရင် ပိုပြီးကောင်းလာမယ်လို့ မြင့်ပါတယ်။ ကျွန်တော်ဆိုလည်း ပထမအစနေ့ကကားစီးတာလူတွေအရမ်းပြည့်တော့ အဆင်မပြေပေမယ့် အပြန်ကြတော့ နေ့လယ်ပိုင်းဆိုတော့ အဲကွန်းလေးနဲ့တော့နည်းနည်းသက်သာတယ်။ အခုလည်းလူတွေကသူဟာသူကူညီကြတာလည်းရှိတော့ ပိုပြီး Organize ဖြစ်လာတယ်လို့ မြင်ပါတယ်။ အခုပုံစံလေးကို ပိုပြီးသဘောကျပါတယ်။ ဒီထက်ကောင်းအောင် လုပ်သွားနိုင်ရင်တော့စနစ်သစ်ကအောင်မြင်သွားမှာပါ။



**ပြည့်စုံအောင်**
**(Travel & Tourism Management)**

လူတိုင်းကတော့အရင်စနစ်ဟောင်းကိုမကြိုက်တာတော့အမှန်ပဲ။အဲအတွက် အပြောင်းအလဲ တစ်ခုကိုတော့ လုပ်ကိုလုပ်ရမှာပဲ။ ကျွန်တော့် အမြင်အရပြောရရင် အစိုးရပိုင်းကလည်း အပြောင်းအလဲကို အကောင်အထည်ဖော်ဖို့ သူ့မှာလည်း လုံလောက်တဲ့ အချိန်မရလောက်ဘူးလို့မြင်တယ်။ အဲ့အတွက်ပြင်ဆင်ချိန်နည်းတော့ ကသိကအောက်တွေ ကြုံနေရတယ်။ ကားတွေကော၊ လူတွေကော အလျင်မီအောင်လိုက်လုပ်နေရတာကသီတာပေါ့။ အခုလည်း လူတွေကလည်း ပူးပေါင်းတာတွေ ရှိနေတာ။ ပူးပေါင်းတဲ့လူလည်းရှိသလို ကန့်လန့်တိုက်တဲ့သူလည်းရှိတော့ အပြောင်းအလဲမှာတော့ ရှိမှာပဲ။ ကောင်းတဲ့အပြောင်းအလဲ ဖြစ်လာမှာလို့ပဲ မြင်ပါတယ်။



**ခင်လေးနွယ်**
**(Financial Management)**

ရွေးစရာမရှိတဲ့အချိန်မှာ မကြိုက်ကြပေမယ့်လည်းမထသကိုလက်ခံထားခဲ့ရတာကနေ အခု ခေါင်းဆောင်တစ်ယောက်က ဦးဆောင်ပြီး လုပ်ပေးနေချိန်တော့ အားလုံးကတော့ ပူးပေါင်းပြီးလုပ်ကြရမှာပဲ။ ချက်ချင်းကြီး အဆင်ပြေအောင်တော့ တန်ခိုးရှင်လည်း လုပ်နိုင်မယ်မထင်ဘူး။ အချိန်အတိုင်းအတာတစ်ခုအထိတော့ စိတ်ရှည်ရဦးမှာပဲ။ ဒါပေမဲ့စနစ်တစ်ခုအောင်မြင်ဖို့နောက်ကလိုက်လုပ်ရမယ့် အပိုင်းတွေကို တဖြည်းဖြည်းနဲ့ အကောင်အထည် ဖော်ပေးမယ်ဆိုရင် အဆင်ပြေသွားမှာပါ။ လူနည်းစုအတွက်တော့အခက်အခဲကြုံတာလည်း ရှိပေမယ့် လူအများစုအတွက် ကြည့်ပြီး လုပ်ရမှာပဲ။ အခုကတော့ စနစ်တစ်ခုအောက်ကိုရောက်လာတဲ့အတွက်ရေရှည် အောင်မြင်လာမယ်လို့ယုံကြည်ပါတယ်။



**ဘုရကီဦး**
**( abe)**

အခုလောလောဆယ် ကားအစီးရေနည်းနေသေးတယ်လို့ မြင်တယ်။ ပြည်သူတွေကလည်း ကိုယ်သွားချင်တဲ့နေရာကိုရောက်ဖို့ ဘယ်ကားစီးရမှန်း ကွဲကွဲပြားပြား မသိတာတွေ ဖြစ်နေတယ်လို့မြင်ပါတယ်။အခုထားတဲ့ Volunteer တွေကလည်း သူတို့ကိုယ်တိုင် ကွဲကွဲပြားပြား နားမလည်တော့ ထိရောက်တဲ့ လမ်းညွှန်မှုတွေ မလုပ်ပေးနိုင်ဘူးလို့လည်း မြင်ပါတယ်။ လက်ကမ်းစာစောင်တွေကလည်း လူတိုင်းမရနိုင်တော့ အခက်အခဲရှိပါတယ်။ အခုလောလောဆယ်တော့ ဘယ်လိုမှ အဆင်မပြေပေမယ့် ကောင်းအောင် လုပ်နေတာတွေရှိတော့ နောင်မှာအဆင်ပြေလာမယ်လို့ယုံကြည်တဲ့အတွက် အချိန်အတိုင်းအတာတစ်ခုတော့ စောင့်ရမှာပါ။

# ခေါ်နုစုမ်-ဆော်လောင်း


Photo-Taungzalattmay

၂၀၁၇ နှစ်သစ်မှာ ခရီးသွားလုပ်ငန်းနဲ့ ဒေသခံများရဲ့လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လုပ်ဆောင်နေတဲ့ ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ ဆော်လောင်းကျေးရွာမှာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းစတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ခရီးသွားလုပ်ငန်းနယ်ပယ်မှ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းအကောင်အထည်ဖော်မှုနဲ့ ဇန်နဝါရီ (၃) ရက်မှာ ဆော်လောင်းကျေးရွာသို့ ပြည်တွင်းပြည်ပခရီးသွားများ သွားရောက်လည်ပတ်နိုင်မယ့် ရပ်ရွာလူထုအခြေပြုခရီးသွား လုပ်ငန်းဖွင့်ပွဲ ကျင်းပခဲ့ပါတယ်။ ချင်းပြည်နယ်မှာ ပထမဦးဆုံး ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဖွင့်လှစ်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ချင်းပြည်နယ်ရှိ တောင်များရဲ့မိခင်ရယ်လို့ တင်စားခေါ်ဝေါ်ကြသော ခေါ်နုစုမ်တောင် (နတ်မတောင်) ကို အခြေပြုကာ ဆော်လောင်းကျေးရွာသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက် လည်ပတ်စေနိုင်ရေးအတွက် ရည်ရွယ်ပြီးဆော်လောင်းကျေးရွာမှာရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်းကို စတင်ခဲ့ခြင်း ဖြစ်ပါတယ်။

ပင်လယ်ရေမျက်နှာပြင်အထက်(၁၀၅၀၀) ပေမြင့်တဲ့ ခေါ်နုစုမ်တောင်သို့ လာရောက်ပြီး တောင်ကြောတစ်လျှောက်တောင်ဇလပ်ပန်းများ၊ ပွင့်လန်းရာ၊ အောက်ချင်းငှက်တို့ မွေ့ပျော်ရာ၊ ငှက်မျိုးစိတ်၊ တွားသွားသတ္တဝါမျိုးစိတ်၊ နို့တိုက်သတ္တဝါ၊လိပ်ပြာ၊အခွံမာပိုးကောင်၊အပင်မျိုးစိတ်၊ ရေညှိမျိုးစိတ်၊သစ်ခွမျိုးစိတ် စတဲ့သဘာဝတရား၊ အလှအပတွေကို ခံစားရင်း ချင်းတိုင်းရင်းသားတို့ရဲ့ဓလေ့ရိုးရာ အစဉ်အလာ၊ ယဉ်ကျေးမှုတွေကိုလည်းဆော်လောင်းကျေးရွာသို့သွားရောက်လေ့လာနိုင်ပါတယ်။



ခရီးသွားများအနေနဲ့ ဆော်လောင်းကျေးရွာရှိ ချင်းတိုင်းရင်းသားများရဲ့ လူမှုနေထိုင်မှုပုံစံတွေ၊ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုတွေ၊ ဓလေ့ထုံးတမ်းတွေ၊ ရိုးရာယဉ်ကျေးမှုတွေ၊ဝတ်စားဆင်ယင်မှုတွေကို လေ့လာနိုင်မှာ ဖြစ်ပါတယ်။

ခရီးသွားများ တည်းခိုနေထိုင်ရန်အတွက် လက်ရှိမှာ ဒေသထွက် သစ်၊ ဝါး၊ ဓနိများဖြင့် ဆောက်လုပ်ထားသည့် (၂)ယောက်အိပ်၊ တဲအိမ်(၆)လုံးရှိတယ်လို့ ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရပါတယ်။

ချင်းပြည်နယ် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်ဒေသများမှာဖွံ့ဖြိုးမှုအနည်းဆုံးဒေသများဖြစ်ရာ ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်းကြောင့် ချင်းဒေသခံကလေးများရဲ့ကျန်းမာရေး၊ ပညာရေးတို့ကို အထောက်အကူ ပြုစေနိုင်ဖို့ မျှော်လင့်ထားကြပါတယ်။

ချင်းပြည်နယ်၊နတ်မတောင်ခရီးစဉ်များကို ခရီးသွားကုမ္ပဏီများက Package Tour များနဲ့ ဝန်ဆောင်မှု ပေးနေသလို မိမိအစီအစဉ်ဖြင့် သွားရောက်လည်ပတ်ကြသော ခရီးသွားများ နှစ်စဉ်များပြားတိုးတက်လျက်ရှိပါတယ်။သဘာဝအလှတရားဖြစ်သော တောင်များရဲ့မိခင် နတ်မတောင်ဆီသို့သွားရောက်လည်ပတ်ပြီးချင်းတိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုတွေကို သွားရောက်လည်ပတ်ကြမယ်ဆိုရင် ဆော်လောင်းကျေးရွာသို့ တစ်ခါတစ်ခေါက် သွားရောက်လည်ပတ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

ဓာတ်ပုံနှင့်ကိုးကား – MOHT

**SFJ Team**

The Strategy First Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/4 page H (9 in x 3.5 in) | 50,000 ks | - |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | - |
| Half-page (9 in x 7 in) | 100,000 ks | - |
| Full-page (10 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟေသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။




ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ကျောင်းသား/သူများအတွက်
တစ်အုပ် ၂၀၀၀ ကျပ်

(၆)လစာ (၆)အုပ် ၁၀၀၀၀ ကျပ်ဖြင့်
ကြိုတင်မှာယူနိုင်ပါပြီ။

Hot-line: (09) 250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။

ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |
| အတွင်းသား (Woodfree) (6 in x 4.5 in) | 160,000 ks |

# Logistics Industry in Myanmar ခေါင်းစဥ်ဖြင့် ဟောပြောပွဲပြုလုပ်





Logistics and Supply Chain Management ဘာသာရပ်ကို လေ့လာနေသူတွေအတွက် ရည်ရွယ်ပြီး Logistics Industry in Myanmar ခေါင်းစဥ်ဖြင့် ဟောပြောပွဲတစ်ခုကိုပြည်လမ်း Strategy First သင်တန်းကျောင်းမှာ (၁၂ -၁-၂၀၁၇ ) ကြာသပတေးနေ့က ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ Logistics လုပ်ငန်းနယ်ပယ်မှာအကြီးဆုံးလုပ်ငန်းကြီးတစ်ခုဖြစ်တဲ့ Ever Flow River Group of Companies (EFR) ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ဦးကျော်လွင်ဦးဖြစ်ပါတယ်။ EFRလုပ်ငန်းစုအနေနဲ့ Shipping and Logistics, Import and Export, Hotel and Tourism, Logistics Infrastructure Development စတဲ့ လုပ်ငန်းခွဲကုမ္ပဏီ ၂၆ ခုပေါင်းစပ်ဖွဲ့စည်းထားတဲ့ ကုမ္ပဏီအဖွဲ့ကြီးပဲဖြစ်ပါတယ်။

ပထမဦးဆုံး Logisticsရဲ့သဘောသဘာဝ၊ မြန်မာနိုင်ငံရဲ့အဓိကပို့ကုန်တွေဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ နှမ်း စတဲ့စိုက်ပျိုးထွက်ကုန်များ၊ ငါး၊ ပုစွန်စတဲ့ ရေထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်း စတဲ့ တန်ဖိုးရှိထုတ်ကုန်မျိုးစုံကိုမြန်မာနိုင်ငံအနှံ့အပြားမှာထွက်ရှိပေမယ့်ပြင်ပနိုင်ငံတွေကိုတင်ပို့ရာမှာ တစ်ခုတည်းသော နိုင်ငံတကာ ထွက်ပေါက်လိုဖြစ်နေတဲ့ ရန်ကုန်အထိ သယ်ယူပြီးမှသာ တင်ပို့ရတာကြောင့်မလိုလားအပ်တဲ့အပိုကုန်ကျစရိတ်တွေဖြစ်ပေါ်မှု၊ ပြည်ပဈေးကွက်ယှဥ်ပြိုင်မှုမှာ အခက်အခဲတွေဖြစ်ပေါ်နေတာကို ထောက်ပြဆွေးနွေးခဲ့ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ပြန့်နက်ရှိုင်းလှတဲ့ ယင်းအခက်ခဲကို EFR အနေနဲ့ ဘယ်လိုဖြေရှင်းဖို့ကြိုးစားနေတယ် ဆိုတာတွေကိုလည်း ဆွေးနွေးတင်ပြသွားပါတယ်။ ဒီနေရာမှာ မှန်ကန်တဲ့ Logistics လမ်းကြောင်းတစ်ခုတည်ဆောက်ရာမှာ ရှိနေတဲ့ အခက်အခဲတချို့နဲ့ ဖြေရှင်းနိုင်တဲ့ နည်းလမ်းကောင်းတွေကိုလည်း နိုင်ငံတကာအတွေ့အကြုံတွေနဲ့ရှင်းလင်းပြောဆိုသွားတာကြောင့် ဒီကဏ္ဍမှာရှိတဲ့ လူငယ်တွေ၊ လုပ်ငန်းရှင်တွေအတွက် တန်ဖိုးရှိလှတဲ့ တင်ပြချက်တွေလည်း ဖြစ်ပါတယ်။

ထို့ကဲ့သို့ Logistics သဘောတရားကို နားလည်ပြီး စီမံခန့်ခွဲနိုင်ပါက ကုန်ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်တဲ့နည်းလမ်းကောင်းတွေအပြင် Logistics နဲ့ပတ်သက်လို့ သိသင့်တဲ့အချက်လေးတွေဖြစ်တဲ့ Right Product, Right Place, Right Quantity, Right Condition, Right Time, Right Customer, Right Cost ဆိုတဲ့ 7R အကြောင်းကိုလည်း လက်တွေ့ဥပမာလေးတွေနဲ့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတွင်း Logistics ရဲ့အခြေခံဖြစ်တဲ့ ပို့ဆောင်ဆက်သွယ်ရေးတိုးတက်ခြင်းဟာစီးပွားရေးလုပ်ငန်းတွေအတွက် အထောက်အကူရနိုင်တဲ့အကြောင်း၊ လက်ရှိ Logistics လုပ်နေတဲ့လုပ်ငန်းတွေကြုံတွေ့နေရတဲ့မူဝါဒအခက်အခဲတချို့ကိုလည်း ဆွေးနွေးပြောသွားပါတယ်။

ဆက်လက်ပြီး Third-party Logistics (3PL) တွေက ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေကြတယ်ဆိုတာတွေ ရောင်းသူနဲ့ ဝယ်သူကြားမှာ အစအဆုံး ဆောင်ရွက်ပေးသူတွေဖြစ်တဲ့ Fourth-party Logistics (4PL) ရဲ့အကြောင်းတွေ၊ သူတို့တွေရဲ့ဆောင်ရွက်ပေးတဲ့လုပ်ငန်းစဥ်တွေကိုထပ်မံဆွေးနွေးခဲ့ပါတယ်။

ပုံမှန်မဟုတ်တဲ့ Reverse Logistics ကို ရှင်းပြရာမှာတော့ မကြာသေးမီက သုံးစွဲသူတွေလက်ထဲရောက်ရှိနေပြီဖြစ်တဲ့ Samsung ရဲ့ ဟန်းဆက်မော်ဒယ်တစ်ခု Battery ပြဿနာကြောင့် Reverse Logistic ကို ကူညီဆောင်ရွက်ပေးတဲ့လုပ်ငန်းတွေရဲ့အကူအညီနဲ့ပြန်လည်

ciful&umf

ခေါ်ယူခဲ့ရပုံနဲ့ ရှင်းပြသွားပါတယ်။

နောက်ဆုံးအနေနဲ့ Logistics ကိုလေ့လာသူတွေ ဘယ်အကြောင်းအရာတွေကို လေ့လာရမယ်၊ Logistic နဲ့ ပတ်သတ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာလုပ်တဲ့လူတွေကိုယ်တိုင်လုပ်ဖို့စိတ်ဝင်စားသူတွေအနေနဲ့ ဘာတွေပြင်ဆင်လေ့လာထားသင့်တယ် ဆိုတာတွေကိုလည်း ပြောပြဆွေးနွေးခဲ့ပါတယ်။

အမေးအဖြေအပိုင်းမှာတော့ လက်ရှိလုပ်နေသူများက ဆက်လက်ပြီး သိရှိလိုသည်များ၊ ကြုံတွေ့နေရတဲ့ အခက်အခဲများနဲ့ ပတ်သတ်ပြီး မေးမြန်းရာမှာ ဟောပြောသူရဲ့အတွေ့အကြုံအပေါ် အခြေခံပြီး ဆွေးနွေး ဖြေကြားပေးခဲ့ပါတယ်။

**Strategy First Institute** အနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် အကျိုးရှိမယ့် Seminar တွေကို မကြာခဏ စီစဥ်ပေးလေ့ရှိတာမို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ စိတ်ဝင်စားရင် စာရင်းပေးသွင်း တက်ရောက်နိုင်ပါတယ်လို့သတင်းကောင်းပါးပါရစေ။



csuf , jyKwf , f

aroutE§

ဒီတစ်ပတ်မှာတော့ ချက်ရတာလွယ်ကူပြီး ခပ်စပ်စပ်အရသာလေး ရှိတဲ့ ပြည်ကြီးငါးချဥ်စပ် ကိုးရီးယားစတိုင် ချက်နည်းလေးကို ဖော်ပြပေး လိုက်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းတွေကတော့
ပြည်ကြီးငါး (၂) ကောင်
ဥနီ အသေး (ပါးပါးလှီးထားရန်)
ကြက်သွန်နီ (၁) ဥ
ဆီ လက်ဖက်ရည်ဇွန်း (၂) ဇွန်း
ကိုရီးယား ငရုတ်သီးအနှစ် (၁) ဇွန်းခွဲ
ပဲငံပြာရည် လက်ဖက်ရည်ဇွန်း (၁) ဇွန်း
သကြား လက်ဖက်ရည်ဇွန်း (၁) ဇွန်း
ကြက်သွန်ဖြူ (၂) ဥ နုပ်နုပ်စင်း
ငရုတ်ကောင်းအနည်းငယ်
နှမ်းဆီအနည်းငယ်
ကြက်သွန်မြိတ် အနည်းငယ်
နှမ်းအနည်းငယ်

# ပြည်ကြီးငါးချဥ်စပ်







ပထမဦးစွာ ကိုရီးယား ငရုတ်သီးအနှစ်၊ ပဲငံပြာရည်၊ ကြက်သွန်ဖြူ၊ နှမ်းဆီ၊ ငရုတ်ကောင်း တို့ကိုရောနယ်ပေးပါ။ သန့်စင်ဆေးကြောထားတဲ့ ပြည်ကြီးငါးများကို အနေတော် အရှည်လိုက် ကလေးလှီးပေးပါ။ ပထမနယ်ထားတဲ့ အနှစ် ထဲမှာ မွှေပေးပြီး နှပ်ထားပေးပါ။ ဒယ်အိုးထဲမှာ ဟင်းချက်ဆီကို ဆီပူပေးပေးပါ။ ပြီးရင် ကြက်သွန်ဥနီ ပါးပါးလှီးထားတာကို ဆီပူထဲတွင် (၂) မိနစ်၊ (၃) မိနစ ခန့် ပျော့သွားသည်အထိ ကြော်ပေးပါ။ နှပ်ထားတဲ့ ပြည်ကြီးငါးနဲ့ ငရုတ်သီး အနှစ်တို့ကိုဒယ်အိုးထဲသို့ထည့်ပြီး ဆီနဲ့ လှိမ့်ပေးပါ။ ပြည်ကြီးငါး ရွှေအိုရောင်သန်းတဲ့အချိန်မှာ ချပေးပါ။ အရမ်းကြီး အကျက်မလွန်စေပါနဲ့။ ဆီအနည်းငယ်ပျံပြီး အနှစ်လေးတွေနဲ့ စပ်စပ် အရသာလေးရရှိပါက အိုးထဲမှချကာကြက်သွန် မိတ်အနည်းငယ် ဖြူးပေးပါ။ နှမ်းအနည်းငယ် ဖြူးပြီး သုံးဆောင်နိုင်ပါပြီ။ ထမင်းပူပူလေးနဲ့ တွဲဖက်စားသုံးဆောင်နိုင်ပါပြီ။

Ref: http://www.beyondkimchee.com/stir-fried-spicy-squid/







## Comments Welcome

STRATEGY FIRST INSTITUTE rSusmifom;?aumifor rsm; tqifajyrsm; twufq&mOD;at mifcsufcif(Principal) odYd wdkuf½dkuf qufoG, fwdkuf um;Ekdifzdkdyaxw;E§ifhwu email rsm;ukd vnf atmufwifzmjyxm;ygonf

(09) 250 7171 66~68

aungchitkhin@mystrategyfirst.com

# ရန်ကုန်ဘတ်စ်ကား အပြောင်းအလဲ



ဇန်နဝါရီ ၁၅ ရက်မှာ ရန်ကုန်သူ၊ ရန်ကုန်သား ခရီးသွားပြည်သူတွေဟာ နှစ်ပေါင်းများစွာ စီးနင်းခဲ့ကြတဲ့ မထသ ယာဉ်လိုင်းများကို နောက်ဆုံးအနေနဲ့ လိုက်ပါစီးနင်းခဲ့ကြပါတယ်။ တစ်နည်းဆိုရသော် မထသယာဉ်လိုင်းများရဲ့ နောက်ဆုံးနေ့လည်း ဖြစ်ပါတယ်။

ဇန်နဝါရီ ၁၆ ရက် မနက်ပိုင်းမှာတော့ YBS (Yangon Bus Service) ဆိုသော မော်တော်ယာဉ် နားဖူးစီးများက ဘတ်စ်ကားမှတ်တိုင်များဆီသို့ ထိုးဆိုက်လာပါတယ်။ ရန်ကုန်မြို့ပြ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးရဲ့အပြောင်းအလဲရောက်ရှိလာပြီလို့ဆိုရင်လည်းမမှားပါဘူး။

ယခင်မထသခေတ်ရဲ့စနစ်ဆိုး၊အကျင့်ဆိုး၊ မော်တော်ယာဉ်လိုင်းများရဲ့စည်းကမ်းပိုင်း အားနည်းမှု၊ မော်တော်ယာဉ် လုပ်သားတွေရဲ့စည်းကမ်းချိုးဖောက်မှုတွေကြောင့် မြို့သူမြို့သားတွေရဲ့ဝေဖန်မှုမှာနေ့စဉ်နဲ့အမျှမြင့်တက်ခဲ့ကြပါတယ်။ ဒါကြောင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ဦးဆောင်မှုနဲ့ ပြောင်းလဲ ချိန်တန်နေပြီဖြစ်တဲ့ ဘတ်စ်ကားစနစ်ကို အပြောင်းအလဲ ပြုလုပ်ခဲ့ကြခြင်းဖြစ်ပါတယ်။

YBSရဲ့ပထမဦးဆုံးနေ့မှာတော့ဘတ်စ်ကားကားဂိတ်မှာ ခရီးသည်အများအပြားက စုပြုံတိုးဝေ့နေကြပါတယ်။ ဒီမတိုင်ခင် ရက်များကတည်းက ဘတ်စ်ကားလမ်းကြောင်းများကို Facebook လူမှုကွန်ရက်မှာ မျှဝေခဲ့ကြသလို App အနေနဲ့လည်း ဖြန့်ဝေထားကြပါတယ်။ မှတ်တိုင်များမှာလည်း ယာဉ်နံပါတ်များနဲ့ လမ်းကြောင်းများကို စိုက်ထူထားပါတယ်။ လက်တွေ့အနေနဲ့ ပထမဆုံး စတင်စီးနင်းရမယ့်နေ့မှာတော့မိမိသွားလိုတဲ့ခရီးလမ်းကြောင်းအတွက် ခရီးသည်အများစုက ဘတ်စ်ကားယာဉ်အကူတွေရဲ့ခေါ်သံကိုသာ အားကိုးခဲ့ကြရပါတယ်။

ပထမဦးဆုံးနေ့မှာ YBS ဘတ်စ်ကားများက သတ်မှတ်ဘတ်စ် ကားမှတ်တိုင်များမှသာ ရပ်ခဲ့ကြတာကိုတွေ့ရပါတယ်။ ယခင်ကလိုရပ်ချင်တဲ့နေရာမှာရပ်တာမျိုးကိုမလုပ်ခဲ့ကြပါဘူး။ ဘတ်စ်ကားနံပါတ် အပြောင်းအလဲ၊ လမ်းကြောင်း အပြောင်းအလဲတွေကြောင့် ခရီးသည်အနေနဲ့ စီးနင်းဖို့ ကားရွေးချယ်ရာမှာ အခက်အခဲတွေ ရှိခဲ့သလို ကားအသွားအလာ နည်းပါးမှုကြောင့် မှတ်တိုင်ကြီးတွေမှာ လူအများအပြား စုပြုံနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ရုံးသွားရုံးချိန် လွန်သွားတဲ့ တိုင်အောင် ဘတ်ကားပေါ်မှာ ခရီးသည်များကြပ်ပိတ်နေခဲ့ပါတယ်။ ယာဉ်တချို့မှာ စတစ်ကာ ကပ်နှံမှုမပြီးစီးတာကြောင့် အချိန်မီ မထွက်ရှိ နိုင်ဖြစ်ခဲ့ရာမှာ ယာဉ်စီးရေ နည်းပါးသွားခဲ့ခြင်း ဖြစ်တယ်လို့ တာဝန်ရှိသူတွေက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဘတ်စ်ကားပေါ်ရောက်သွားတဲ့ အချိန်မှာတော့ ရန်ကုန်မှာ ဘတ်စ်ကားစီးနင်းကြသူတွေအားလုံးလိုချင်သော ခံစားမှုတစ်ခုကိုတော့ ရရှိခဲ့ကြမှာပါ။ တချို့လိုင်းများက YBS တံဆိပ်ပါ အဝတ်အစားအပြည့်အစုံ၊ တချို့ယာဉ်များက အဝတ်အစား သပ်သပ်ရပ်ရပ် နဲ့ ယာဉ်အကူများက ခရီးသည်များကို "အကိုကြီး၊ ညီလေး၊ အမကြီး၊ ညီမလေး" စတဲ့ နားဝင်ပီယံရှိသော ချိုသာတဲ့အသံများနဲ့ ဆီးကြိုခဲ့ကြပါတယ်။

ဘတ်စ်ကားနံပါတ်များနဲ့ လမ်းကြောင်းအသစ်များကို ခရီးသည်များအနေနဲ့ သိရှိနားလည်လာပါက အခုထက်ပိုမို စီးနင်းရလွယ်ကူလာမှာဖြစ်ပါတယ်။ လမ်းကြောင်းများမှာ သတ်မှတ်ယာဉ်စီးရေ အပြည့်အဝ မောင်းနှင်လာနိုင်ပါက ခရီးသည်များ စီးနင်းရတာ ပိုမိုသက်သောင့်သက်သာရှိလာမှာဖြစ်ပါတယ်။ ယခင်ကကဲ့သို့ မှတ်တိုင်မှာ ကြာမြင့်စွာရပ်ခြင်း၊ ယာဉ်မောင်းများနဲ့ ယာဉ်အကူများရဲ့စည်းကမ်းမဲ့ခြင်း၊ လမ်းကြောင်းပြိုင်မောင်းခြင်း စတဲ့ အခြေအနေဆိုးများကိုတော့ ကျော်လွှားနိုင်ခဲ့ပြီလို့ မျှော်လင့်ရပါတယ်။ မပြောင်းလဲတော့ဘူးလို့ ထင်ခဲ့ကြတဲ့ အရာတစ်ခုကတော့ အပြောင်းအလဲဖြစ်ပေါ်လာခဲ့ပါပြီ။ ပိုမိုကောင်းမွန်သော မြို့ပြသယ်ယူပို့ဆောင်ရေး ဖြစ်လာရေးအတွက် အစိုးရ – ဘတ်စ်ကား – ခရီးသွားပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရရဲ့ရေရှည်ထိန်းကျောင်းစီမံမှုနဲ့ အနာဂတ် မှာ ပြီးပြည့်စုံသောသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုက ခရီးသွားပြည်သူများကိုစောင့်ကြိုနေမယ်လို့ မျှော်လင့်မိပါတယ်။

**SFJ Team**


## ICM တန်းခွဲသစ်များအတွက် Early Bird Cash Discount 10 % ဖေဖော်ဝါရီလကုန်အထိသာရှိမည်။

မတ် (၁၆) ရက်နေ့ တန်းခွဲသစ်များ စတင်မည်။

01. Advertising | 02. Marketing Management
03. Sales & Sales Management | 04. Business Management & Administration (Session-1) | 05. Business Management & Administration (Session-2) | 06. Business Management & Administration (Session-3) | 07. Financial Management (Session-1)
08. Financial Management (Session-2) | 09. Human Resources Management (Session-1) | 10. Human Resources Management (Session-2)
11. Logistics & Supply Chain Management | 12. Marketing Research ၊ Quantitative Methods for Managers | 13. Public Relations 14. Hospitality Management | 15. Management of Travel & Tourism Operations
16. Project Management | 17. International Business Communications
18. Managing for Service Excellence

မှတ်ချက် – စိတ်ပါဝင်စားသူများအနေဖြင့် မတ်လတွင် ဖွင့်လှစ်မည့်တန်းခွဲများကို ဖေဖော်ဝါရီ ၂၈ ရက်မတိုင်မီ လာရောက်အပ်နှံပါက Refer (Discount 20000 Kyat) အပြင် Cash Down ပေးချေပါက 10% Discount ထပ်မံခံစားခွင့် ရှိပါသည်။



မတ်လတွင် ဖွင့်လှစ်မည့်တန်းခွဲများအတွက် Discount များ အနည်းငယ် ပြောင်းလဲမှုများ ရှိနိုင်ပါသည်။



# စက္ကန့်အနည်းငယ်နဲ့ First Impression ကောင်းအောင်လုပ်ပါ

တကယ်လို့ သင်ဟာ အကြောင်းကိစ္စတစ်ခုခုနဲ့ပတ်သက်လို့ လူတွေအများကြီးရှေ့မှာ ရှင်းပြပြောပြရမယ့် ပွဲကြီးတစ်ခုနဲ့ ကြုံလာရပြီဆိုပါစို့။ အဲဒီမှာ သင်ဟာ လူအထင်ကြီးနိုင်လောက်တဲ့ အကြောင်းအရာတွေကို စုစည်းပြင်ဆင်ရတာ၊ မေးလာမယ့် မေးခွန်း ခက်ခက်တွေအတွက်ကြိုတင်ပြင်ဆင်ရတာမျိုးလုပ်မှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ ပြဿနာတစ်ခု ရှိနေပါတယ်။ ဒီလိုပွဲကို ရောက်လာကြမယ့်သူအားလုံးဟာ သင့်ရဲ့ပြုပြင်လှုပ်ရှားပုံ တစ်ခုတည်းပေါ်မှာပဲ ဝိုင်းပြီး အာရုံစိုက်ကြမှာဖြစ်လို့ ပထမဆုံး နှစ်စက္ကန့်လောက် အချိန်လေးဟာ သင့်ကိုသူတို့တွေဘယ်လိုရှုမြင်သွားမလဲဆိုတာ ဆုံးဖြတ်ပေးမယ့် အရေးအကြီးအချိန်ဖြစ်လို့ အဲဒီအချိန်ကို ကောင်းမွန်စွာ ကျော်ဖြတ်ဖို့ လိုအပ်ပါတယ်။

ဒီအတွက် သင်ဘာမှ ပြင်ဆင်မထားဘူး၊ သိမထားဘူးဆိုရင်တော့ သင် ကြိုးကြိုးစားစား ပြင်ဆင်လုပ်ကိုင်ထားသမျှဟာ အလဟဿ ဖြစ်သွားပါလိမ့်မယ်။

၁၉၉၂ ခုနှစ်တုန်းက သုတေသီတွေ ဖြစ်ကြတဲ့ Nalini Ambady နဲ့ Robert Rosenthal တို့က ကျွန်တော်တို့တွေရဲ့အောင်မြင်မှုအတွက် အရေးပါတဲ့ First Impression တွေဟာအရမ်းအရေးကြီးတယ်ဆိုတာကိုရှာတွေ့ခဲ့ကြပါတယ်။

သူတို့တွေရဲ့ လေ့လာချက်မှာတော့ ပါမောက္ခတွေရဲ့ သင်ကြားပုံကို ရိုက်ထားတဲ့ နှစ်စက္ကန့်စာဗီဒီယိုတိုလေးတွေကိုကြည့်ခိုင်းပြီး ကျောင်းသားတွေကို အကဲဖြတ်အမှတ် ပေးခိုင်းခဲ့တာဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီအကဲဖြတ်အမှတ်တွေကိုယူထားပြီးစာသင်နှစ်တစ်နှစ်ကုန်ဆုံးချိန် အဲဒီပါမောက္ခအပေါ် ကျောင်းသားတွေရဲ့တစ်နှစ်တာအမှတ်ပေး အကဲဖြတ်ချက်တွေနဲ့ ပြန်လည် နှိုင်းယှဉ်ခဲ့ပါတယ်။ ရလဒ်ကတော့ ကနဦး ဗီဒီယိုကိုကြည့်ပြီး ကျောင်းသားတွေရဲ့အကဲဖြတ်မှုပိုင်းမှာ အမှတ်နည်းတဲ့ ဆရာက စာသင်နှစ်တစ်နှစ်လုံးအပြီး သူ့ရဲ့ သင်ကြားပုံအပေါ် ကျောင်းသားတွေ ကြိုက်နှစ်သက်မှု နည်းပါးတာကို တွေ့ရပြီး ဗီဒီယိုမှာ အကဲဖြတ်ချက် အမှတ်ကောင်းကောင်းရတဲ့ ဆရာတွေကတော့ ကျောင်းသားတွေရဲ့အထူး ကြိုက်နှစ်သက်မှုကိုပါ ရရှိခဲ့တာကို တွေ့ရပါတယ်။

ဒီနေရာမှာဆရာတွေကိုအကဲဖြတ်တာကို ကြည့်ရင် နှစ်စက္ကန့်စာ ဗီဒီယိုကို ကြည့်ပြီး အကဲဖြတ်တာနဲ့ နာရီပေါင်းများစွာကြာ သင်ကြားမှုတွေအားလုံးကို ကြည့်ပြီး အကဲဖြတ်တာနဲ့ ရလဒ် အတူတူပဲဆိုတာကို တွေ့ရပါတယ်။ ကျောင်းသားတွေကတော့ ဒီဗီဒီယိုတွေကို ကြည့်ပြီး အကဲဖြတ်ရာမှာတော့ Body Language တစ်ခုတည်းအပေါ်မှာပဲ မူတည်ပြီး အကဲဖြတ်ကြတာလည်းဖြစ်ပါတယ်။

Nalini Ambady နဲ့ Robert Rosenthal ကတော့ဒီလိုမျိုးမြန်မြန်ဆန်ဆန်တခဏအတွင်း အကဲဖြတ်တဲ့အပြုအမူကို "thin-slicing" လို့ ပြောပါတယ်။ ဒီသင်ခန်းစာကို ကြည့်ရင်တော့ ကျွန်တော်တို့အနေနဲ့ ပထမဆုံး လူတွေအများကြီးတွေ့ရတော့မယ့်အချိန်မှာ အစပထမစက္ကန့်ပိုင်းအတွင်း First Impression ကောင်းအောင် လုပ်ဖို့လိုတယ်ဆိုတာကို သိရမှာ ဖြစ်ပြီးတော့ အဲဒီလိုမှမဟုတ်ရင်တော့ ဒီအတွက် ကြိုးကြိုးစားစား ပြင်ဆင်လာသမျှ အချည်းနှီးဖြစ်သွားရဖို့သာ ရှိပါတော့တယ်။ ဒါကြောင့် နှစ်စက္ကန့်အတွင်း လူတွေကိုယ့်ကို အထင်ကြီးစေနိုင်မယ့် နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

### ၁။ အစကောင်းပြီး စနစ်တကျဖြစ်အောင် သေသေချာချာလုပ်ထားခြင်း

First Impression အကြောင်းကျွန်တော်တို့ စပြောတဲ့အချိန်မှာ အကြောင်းကိစ္စအတွက် အဖွင့်အမှာစကားပြောတာ၊ မိတ်ဆက်တာလောက်ကနေ စပြီး သေချာဂရုစိုက်ရမယ်လို့ ထင်ရထင်ပါလိမ့်မယ်။ ဒါပေမဲ့ သင်စင်ပေါ်တက်သွားတာပဲဖြစ်ဖြစ် ဒါမှမဟုတ် အခန်းထဲ စဝင်လိုက်တဲ့အချိန်ပဲဖြစ်ဖြစ် အဲဒီအချိန်တွေကလည်း သင့်အတွက် အရေးကြီးတဲ့ ပထမဆုံးသော

ဝဋ

အခိုက်အတန့်ပဲဖြစ်ပါတယ်။

အားလုံးကို သေချာပြင်ဆင်ထားပြီးပါစေ၊ သင်ပြောမယ့်အကြောင်းတွေ မစခင် ပတ်ဝန်းကျင်ကို ကောင်းကောင်းထိန်းထားနိုင်ပြီလား၊ သင့်ပြမယ့်ဆလိုက်တွေအသင့်ဖြစ်ပြီလား၊ သင့်မိုက်ခရိုဖုန်းကို စမ်းပြီးပြီလား၊ သင့်အိတ်တွေကို နေရာတကျထားပြီးပြီလား၊ အဲဒီအချက်တွေကို လုပ်နေရတာနဲ့ပဲ သင့်ရဲ့ပထမဆုံး နှစ်စက္ကန့်ကို ပြုန်းတီးမသွားပါစေနဲ့။ သင်စင်ပေါ်တက်ချိန် ဒါမှမဟုတ် အခန်းထဲဝင်ချိန်မှာ သေချာတဲ့ အပြုံးတစ်ခုနဲ့ စတင်ရမှာဖြစ်ပါတယ်။

တကယ်လို့ အောက်ကပရိသတ်မစုံသေးလို့ သင်အနည်းငယ် စောင့်ရမယ်ဆိုရင်လည်း သင့်ဖုန်းကိုဖွင့်စစ်နေတာမျိုး၊ လက်ကမ်းစာစောင်တွေ ဝေနေတာမျိုး၊ ဆလိုက်တွေကို ထပ်တလဲလဲ ပြန်ကြည့်နေတာမျိုး မလုပ်မိပါစေနဲ့။ အဲဒီအစား ရှေ့ကထိုင်ခုံတစ်နေရာမှာ ဝင်ထိုင်ပြီး အခန်းထဲဝင်လာကြသူတွေကို နှုတ်ဆက်ပေးပါ။

### ၂။ ကိုယ်ပြောရမယ့်အကြောင်းအရာတွေကို သေချာအောင် ပြင်ဆင်ထားပါ။

အတော်ဆုံး ဆရာ၊ ဆရာမတွေကတော့ သူတို့တွေအနေနဲ့ ခင်ဗျားတို့ကို သင်ကြားပေးရတာ ပျော်ရွှင်ပြီးတော့ သူတို့သင်ကြားတဲ့ အကြောင်းအရာနဲ့ပတ်သက်လို့ ယုံကြည်မှုရှိတယ်ဆိုတာ ပြသပေးနိုင်ကြပါတယ်။ အဲဒီလို ပထမဆုံး နှစ်စက္ကန့်လောက်အတွင်းမှာ သင်လည်း အဲဒီလိုဖြစ်အောင် လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စဖွင့်ဖွင့်ချင်းမှာ စိတ်အားတက်ကြွမှုတွေရှိပါစေ။ ပရိသတ်အပေါ်လေးစားမှုကိုပြပါ၊ တကယ့်စိတ်လှုပ်ရှားစိတ်ပါဝင်စားမှုပုံစံကိုပြပါ

အဲဒီအခိုက်အတန့် နှစ်စက္ကန့်ကို ကျော်သွားရင်တော့ အခန်းထဲမှာ ရှိသူအားလုံးနဲ့ မျက်လုံးချင်းဆုံအောင် ကြည့်ပါ၊ ဘာလို့လဲဆိုတော့ ကိုယ်က သူတို့တွေ တစ်ယောက်ချင်းစီကိုပြောနေတာဆိုတာကို သိသွားစေဖို့ပါ။ ဒါကို အခန်းကျဉ်း ဒါမှမဟုတ် စာသင်ခန်းထဲမှာတော့ အလွယ်တကူ လုပ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခန်းကျယ်ကြီးထဲမှာ ပရိသတ် အများကြီး အဲဒီလို တစ်ယောက်စီတိုင်း မျက်လုံးချင်းဆုံဖို့က မဖြစ်နိုင်ပါဘူး။ ဒီလိုဆိုရင်တော့အခန်းရဲ့ ဘယ်ဘက်ကနေစပြီး ထောင့်နေရာတွေကို ကြည့်လာပြီးအလယ်မှာအကြည့်ရပ်ပါ၊ပြီးတော့ အဲဒီအတိုင်း ညာဘက်ကိုလည်း ကြည့်ပါ။

အဲဒီလိုအားလုံးကိုခြုံပြီးကြည့်ပြီးတဲ့အချိန် သင်ပြောနေတာ ခဏရပ်လိုက်ပါ။ အဲဒီမှာ ပရိသတ်က "thin-slicing" လုပ်ပါလိမ့်မယ်၊ ဒါပေမဲ့ သူတို့ရဲ့အကဲဖြတ်ချက်တွေမှာ သင့်ပုံစံကိုနှစ်သက်မှုတွေပဲပါနေပါလိမ့်မယ်။ ဒီလိုနည်းနဲ့ သင့်ကို ပထမဆုံးအခိုက်အတန့်မှာပဲ အထင်ကြီးစေမယ့် နည်းကို သင်လုပ်နိုင်ပါလိမ့်မယ်။

■



ယခုတစ်ပတ် STRATEGY FIRST စာအုပ်စင်ကဏ္ဍမှာ မိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ HRM စာအုပ်စီးရီး တွေထဲက HR to the Rescue ဆိုတဲ့ စာအုပ်လေးပဲဖြစ်ပါတယ်။ Human Resources လို့ခေါ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ လုပ်ငန်းတိုင်းမှာ မရှိမဖြစ် အရေးအပါဆုံး ဖြစ်တယ်ဆိုတာ အားလုံး သိကြပြီးဖြစ်ပါ တယ်။ လုပ်ငန်းတစ်ခုအောင်မြင် တိုးတက်ဖို့အတွက်ဆိုရင် လုပ်ငန်းမှာရှိတဲ့ ဝန်ထမ်းအားလုံးက တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

အခုလို အပြောင်းအလဲ အလွန်မြန်ဆန်တဲ့ စီးပွားရေးရပ်ဝန်းမှာ သူများနောက်မကျန်ရစ်ခဲ့စေဖို့ လိုအပ်တဲ့ လုပ်ငန်းတွင်းပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ စက်ယန္တရားကိရိယာတွေကို လိုသလို ထိန်းချုပ်ပြောင်းလဲဖို့ လွယ်သလောက် သိမ်မွေ့နက်နဲတဲ့ လူတွေရဲ့စိတ်ကို ပြောင်းလဲဖို့ တစ်နည်းအားဖြင့် ဝန်ထမ်းတွေ အပြောင်းအလဲမှာ ယှဉ်တွဲလိုက်ပါလာအောင် ဆောင်ရွက်ဖို့က ပိုလို့ခက်ခဲတတ်ပါတယ်။ ထိုကဲ့သို့ ကိုယ့်ဝန်ထမ်းတွေ ပြောင်းလဲချင်စိတ်ဖြစ်လာအောင် စည်းရုံး တိုက်တွန်းရတာဟာလည်း HR Professional တစ်ယောက်ရဲ့ ပါးနပ်မှုအပေါ်မှာ အများကြီး မူတည်ပါတယ်။ ပထမဆုံးအနေနဲ့ HR ရဲ့အခန်းကဏ္ဍတွေ၊ HR တစ်ယောက်ဆောင်ရွက်ရမယ့်လုပ်ငန်းဆောင်တာတွေကို အနည်းငယ် ရှင်းလင်းရေးသားထားခြင်း ဖြစ်ပါတယ်။

# HR to the Rescue




အခုညွှန်းဆိုမယ့် စာအုပ်ရဲ့ အဓိကအကြောင်းအရာဟာ Change Management လုပ်ငန်းတွင်း အပြောင်းအလဲတွေပြုလုပ်ရာမှာ ဝန်ထမ်းရေးရာ ကိုင်တွယ်ဆောင်ရွက်တဲ့ HR Professional မှာရင်ဆိုင်ရတဲ့စိန်ခေါ်ချက်တွေ ဖြေရှင်းရတတ်တဲ့ ပြဿနာရပ်တွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတဲ့ နည်းလမ်းကောင်းတွေကို ဖော်ပြပေးထားတာ ဖြစ်ပါတယ်။ ညွှန်းဆိုထားတဲ့ နည်းလမ်းတွေကလည်း HR Technology တွေ၊ Theory တွေနဲ့ လက်တွေ့ကျကျ ရှင်လင်းလွယ်ကူစွာ ဖော်ပြထားတာမို့ စာဖတ်သူတွေ များစွာအကျိုးရှိစေမယ့် စာအုပ်ကောင်းတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် Survey တွေ လိုက်လံဆောင်ရွက်ပြီး ရရှိလာတဲ့ Feedback တွေကို ဘယ်လိုအကျိုးရှိအောင် အသုံးပြုမလဲဆိုတဲ့ အကြံပြု လမ်းညွှန်ချက်တွေကိုပါ မီးမောင်းထိုး ပြထားတာမို့လည်း နားလည်ရလွယ်ကူစေပြန်ပါတယ်။

HR Professional တစ်ယောက်အနေနဲ့ အပြောင်းအလဲ ကာလတွေမှာ ဝန်ထမ်းတွေကို ဘာအတွက်ကြောင့် ပြောင်းလဲဖို့လိုသလဲ၊ အသစ်သွားမယ့် လမ်းကြောင်းက ဘာတွေဖြစ်မလဲ၊ အောင်မြင်မှုရရှိအောင် ဘယ်လိုတွေ ဆောင်ရွက်ကြမလဲဆိုတာတွေကို ရှင်းလင်းပြောပြဖို့နဲ့ သတိပြုရမယ့် အကြောင်းအရာတွေ၊ ဝန်ထမ်းတွေအနေနဲ့အပြောင်းအလဲကိုကြောက်မနေအောင်၊ လိုက်လျောညီထွေ ဖြစ်အောင် ဘယ်လိုမျိုးစီမံခန့်ခွဲဖို့လိုသလဲဆိုတာတွေလည်း စာအုပ်မှာဖော်ပြထားပါတယ်။ လက်တွေ့အဖြစ်အပျက် (Case Study) တွေနဲ့တကွ စာအုပ်မှာ ရှင်းလင်းရေးသားထားပါတယ်။

## vdkftdkbl,f

နာမည်ကြီးကုမ္ပဏီတွေထဲကတစ်ခုဖြစ်တဲ့ Colgate-Palmolive လုပ်ငန်းအနေနဲ့ ရာစုနှစ်နှစ်စုနီးပါးတိုင်အောင် ဘယ်လိုအောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသလဲဆိုတာတွေ၊ အပြောင်းအလဲတွေ ကြားကနေ ဘယ်လိုဆက်လက်ရပ်တည်ခဲ့သလဲ ဆိုတာတွေလည်း Case Study တစ်ခုအနေနဲ့ ဒီစာအုပ်ထဲမှာ ပါဝင်ပါတယ်။ World-Class Investment Bank တစ်ခုဖြစ်အောင် Human Resource Development Function တွေကို အသုံးပြုဆောင်ရွက်ခဲ့ပုံကိုလည်း စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်ပါတယ်။ Spaghetti လုပ်ငန်း၊ Pharmaceutical လုပ်ငန်းတွေမှာ HR ရဲ့ အခန်းကဏ္ဍတွေကို ထည့်သွင်းရေးသားထားတဲ့အတွက် လုပ်ငန်းမျိုးစုံဆီက လက်တွေ့အဖြစ်အပျက်လေးတွေဖတ်ရင်း အကြံဉာဏ်ကောင်းလေးတွေလည်း ရရှိစေမှာပါ။

ဒါကြောင့် မိမိတို့လုပ်နေတဲ့လုပ်ငန်းကို အပြောင်းအလဲနဲ့ ရင်ဆိုင်ရချိန်မှာ ဘယ်လိုမျိုး ရှင်သန်ရပ်တည်ရမလဲဆိုတာ လက်တွေ့ဖြစ်စဉ်များနဲ့ မှတ်သားပြီး အကောင်အထည်ဖော်လို့ရအောင် Strategy First Library ကဏ္ဍကနေ နိုင်ငံတကာ စီမံခန့်ခွဲမှုပညာရှင် များစွာရေးသားထားတဲ့ HR to the Rescue စာအုပ်ကို ဖတ်ရှုဖို့ တိုက်တွန်းလိုက်ပါတယ်။

# MOBILE APPLICATIONS






**Pocket**

**Android ၊ iOS**

အင်တာနက်ပေါ်မှာ စိတ်ဝင်စားစရာ ကောင်းတဲ့ Article၊ Video နဲ့ Web Page တွေကိုတွေ့တယ်။ ဒါပေမဲ့ ဖတ်ဖို့အချိန် မရသေးဘူးဆိုရင် Pocket ထဲကိုထည့်ပြီး ကြိုက်တဲ့အချိန်မှာ ပြန်ကြည့်လို့ရပါတယ်။ ပြန်ကြည့်ဖို့အတွက် အင်တာနက်လည်း မလိုပါဘူး။ Facebook၊ Google+၊ Twitter စတာတွေကနေ ယူပြီး Save လုပ်ထားလို့ရပါတယ်။ Application က Free ဖြစ်ပြီးတော့ Pocket အကောင့်တစ်ခုရှိတာနဲ့ ဖုန်း၊ Tablet တို့အပြင် ကွန်ပျူတာနဲ့ သုံးမယ်ဆိုရင်လည်း Brower ကနေ Website ကိုဝင်ပြီး ကိုယ့်အကောင့်ထဲမှာ ရှိတာတွေကို ကြည့်လို့ရပါတယ်။ Video ကြည့် မယ်ဆိုရင်တော့ အင်တာနက် ရှိရမှာဖြစ်ပြီး ကျန်တာတွေကိုတော့ Offline ဖတ်နိုင်ကြည့် နိုင်ပါတယ်။

**QUIK**

**Android ၊ iOS**

Quik application ဟာ Go Pro ကင်မရာကုမ္ပဏီကထုတ်လုပ်တဲ့ Video Editor Application ဖြစ်ပြီး Video တိုတွေ၊ ဓာတ်ပုံတွေကို ရွေးချယ်စရာ Visual Effects မျိုးစုံကို အရံသင့်အသုံးပြုပြီး ပေါင်းစပ်ကာ Video တစ်ခုဖန်တီးလို့ရပါတယ်။ နောက်ခံတေးဂီတတွေ ပါဝင်ပြီးတော့ ကိုယ့်စိတ်ကြိုက် သီချင်းသံများကိုလည်း နောက်ခံအဖြစ် အသုံးပြုလို့ရပါတယ်။ Quik ဟာ တခြား Video Editor တွေနဲ့မတူပဲ Quality ကောင်းမွန်ပြီး Professional ကျကျ ဗီဒီယိုများ ဖန်တီးနိုင်တာပဲ ဖြစ်ပါတယ်။ QUIK ကိုလည်း Play Store ၊ App Store နဲ့ Go Pro Website တို့မှာ အခမဲ့ ရယူနိုင်ပါတယ်။





# "Why work doesn't happen at work"

သီဟ

Strategy First Times ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေ နဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Jason Fried ရဲ့ "Why work doesn't happen at work"ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာဖြစ်ပါတယ်။



> အလုပ်ခွင်မှာ မကြာခဏ အနှောင့်အယှက်တွေ အာရုံပျက်အောင် လုပ်တာတွေရှိနေတဲ့အခါမှာ လူတစ်ယောက်ဟာ ဘယ်လိုမှ အလုပ်ကောင်းကောင်း လုပ်နိုင်မှာ မဟုတ်ဘူးလို့ သူကဆိုပါတယ်။

Jason Fried က အလုပ်လုပ်ခြင်းကို အိပ်စက်ခြင်းနဲ့ ထူးဆန်းစွာ နှိုင်းယှဉ်ပြီး ပြောပါတယ်။ ဘာလို့လဲဆိုတော့ အလုပ်လုပ်တာရော၊ အိပ်စက်တာရောက အရှိန်ကောင်းနေပြီဆိုရင် အမြဲတမ်း အနှောင့်အယှက်ခံရတတ်လို့ဖြစ်ပါတယ်။ အိပ်စက်ခြင်းဟာ အဆင့်တစ်ခုချင်းသွားပြီးတော့နှစ်ခြိုက်စွာအိပ်စက်ခြင်းအဆင့်ကိုရောက်ဖို့က အရှေ့ကအဆင့်တွေကို ဖြတ်သန်းသွားရပါတယ်။ ကြားထဲမှာ နှောင့်ယှက်ခံရလို့ နိုးသွားပြီဆိုရင် ပြန်အိပ်ရင် ပထမဆုံး အဆင့်တွေက ပြန်စရပါတယ်။ အလုပ်လုပ်ကိုင်ရာမှာလည်း ဒီလိုအပါပဲ၊ အာရုံစိုက်လုပ်ကိုင်နေတဲ့အချိန်မှာ နှောင့်ယှက်ခံရတဲ့အခါမှာ အလုပ်ပြီးစီးမှု၊ တီထွင်ဖန်တီးနိုင်စွမ်း စတာတွေကို လွန်စွာထိခိုက်စေပါတယ်။

အလုပ်ခွင်မှာ မကြာခဏ အနှောင့်အယှက်တွေ အာရုံပျက်အောင် လုပ်တာတွေရှိနေတဲ့အခါမှာ လူတစ်ယောက်ဟာဘယ်လိုမှအလုပ်ကောင်းကောင်း လုပ်နိုင်မှာ မဟုတ်ဘူးလို့ သူကဆိုပါတယ်။ အလုပ်ပြီးစီးနိုင်စွမ်းလျော့ကျတာရဲ့အကြောင်းက တိုးတက်လာတဲ့နည်း ပညာတွေကြောင့်လည်းပါတယ်လို့သူကအပြစ်တင်ထားပါတယ်။ အဲဒီအတွက် ကုမ္ပဏီတွေဟာအလုပ်ခွင်ထဲမှာရှိတဲ့ အလုပ်ပျက်စေမယ့် အာရုံထွေပြားစေမယ့် အရာတွေကို သုတ်သင်ပစ်ရမယ်လို့သူကပြောပါတယ်။ပြီးတော့ ဒီလိုမျိုးအနှောင့်အယှက်တွေကို ဖြေရှင်းနိုင်ဖို့ဖြေရှင်းချက် (၃) ခုကိုလည်း သူကဒီဗီဒီယိုမှာအကြံပြုထားပါတယ်။



# Jack Reacher – Never Go Back

SFJ Team







၂၀၁၆ ထဲ ထွက်ရှိခဲ့တဲ့ ဇာတ်ကားကောင်းများစွာထဲက ကမ္ဘာကျော်မင်းသားကြီး Tom Cruise ပါဝင် သရုပ်ဆောင် ထားတဲ့ Jack Reacher – Never Go Back ကားနဲ့ ရုပ်ရှင်ချစ်ပရိတ်သတ်ကြီးကို မိတ်ဆက်ပေးချင်ပါတယ်။ Tom Cruise ရဲ့ MI (Mission Impossible ) ကားတွေကို ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေ ထပ်မံ ကြိုက်နှစ်ကြမယ့် ကားလည်းဖြစ်ပါတယ်။ ၂၀၁၆ ထဲ ထွက်ရှိခဲ့တဲ့ Jack Reacher မှာ Jack Reacher – Never Go Back (Jack Reacher – 2) ဖြစ်ပြီးတော့ ၂၀၁၂ မှာ Jack Reacher (1) အဖြစ် ထွက်ရှိထားခဲ့ပါတယ်။ ခုနောက်ပိုင်း ဟောလီးဝုဒ်ကားတွေမှာ Sequel တွေ အရိုက်များလာကြတဲ့ ထုံးစံအတိုင်း Jack Reacher ကလည်း ထပ်မံထွက်ရှိလာတာ ဖြစ်ပါတယ်။ Tom Cruise ရဲ့ ကားတွေထုံးစံအတိုင်း ငွေကုန်ကြေးကျခံကာ အက်ရှင်ဇာတ်ဝင်ခန်းတွေကို ပီပီပြင်ပြင်ရိုက်ကူးထားပြီး Budget ကန်ဒေါ်လာ သန်း ၆၀ ကျော် အကုန်အကျခံ ရိုက်ကူးထားပါတယ်။

စစ်တပ်က ထွက်လာပြီးဖြစ်တဲ့ Jack Reacher (Tom Cruise ) ကလူကုန်မှုပြဿနာ တစ်ခုကို ဖြေရှင်းတာနဲ့ ဇာတ်လမ်းကို စတင်ထားပါတယ်။ အဲဒီပြဿနာကို ဖြေရှင်းအပြီးမှာ သူ့ကိုကူညီခဲ့တဲ့စစ်တပ်ရုံးချုပ်က မေဂျာဆူဆန်နဲ့ တွေ့ဖို့ ဂျက် ဟာ ရုံးချုပ်ကို ပြန်လာခဲ့ပါတယ်။ သူရောက်ရှိလာတဲ့အချိန်မှာတော့မေဂျာဆူဆန်နေရာမှာ အစားထိုး တာဝန်ယူနေတဲ့ Colonel တစ်ယောက်ကိုသာတွေ့ပါတယ်။ ဂျက်ဟာသူ့ကို ကူညီဖူးတဲ့မေဂျာ ဆူဆန်အဖြစ်ကိုစုံစမ်းခဲ့ရာမှာ မေဂျာဆူဆန်ဟာ အာဖဂန်နစ္စတန်မှာ စစ်သားနှစ်ယောက် သတ်ဖြတ်ခံရတဲ့ကိစ္စနဲ့ စစ်ဆေးမှုခံနေရတယ် ဆိုတာကို သိလာခဲ့ရပါတယ်။

ဂျက်ဟာ မေဂျာဆူဆန်ကို ယုံကြည်ပြီး ဒီအမှုကို လိုက်ဖို့အတွက် သူ့ကို အကူအညီပေးနိုင်မယ့် ရှေ့နေတစ်ယောက်နဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ရှေ့နေနဲ့ ဂျက် တွေ့ဆုံချိန်မှာတော့ ဂျက်ရဲ့အကြောင်းတွေပါတဲ့ File တစ်ခုကို ထုတ်ပြခဲ့ပါတယ်။ ဒီ File အရ သူ့မှာ သမီးတစ်ယောက်ရှိနေတယ်ဆိုတာကိုဂျက်သိလိုက်ရပါတယ်။ သူ့နောက်ကိုလည်းလက်နက်ကုမ္ပဏီတစ်ခုက လူတွေက နောက်ယောက်ခံလိုက်နေတယ်ဆိုတာကိုလည်း ဂျက် သိလာရပါတယ်။

သိပ်မကြာခင်မှာပဲ ရှေ့နေ အသတ်ခံလိုက်ရပြီး လူသတ်မှုနဲ့ ဂျက်လည်း ဖမ်းဆီးခံလိုက်ရပါတယ်။ ဂျက်ဟာ အစစ်ဆေးခံဖို့အတွက် ထောင်သို့ ပို့ဆောင်ခံခဲ့ရပါတယ်။ အဲဒီထောင်မှာပဲ မေဂျာဆူဆန်ကိုလည်း စစ်ဆေးနေတာဖြစ်ပါတယ်။ ဂျက်က မေဂျာဆူဆန်ကို ကယ်တင်ပြီး လွတ်မြောက်လာခဲ့ပါတယ်။ ဒီအချိန်မှာ သူ့သမီးဖြစ်သူရဲ့ လုံခြုံရေးကလည်း စိတ်မချရတော့ဘူးဆိုတာ သိလာပြီး သမီးဖြစ်သူဆီသို့ သွားရောက်ခဲ့ပါတယ်။ သူ့သမီးအိမ်မှာ ရုန်းရင်းဆန်ခတ်ဖြစ်ထားတာကို တွေ့ရပြီး သမီးဖြစ်သူကို အသက်ရှင်လျက် တွေ့ရှိချိန်မှာတော့ သမီးဖြစ်သူကိုပါ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပါတယ်။ ဂျက် နဲ့ ဆူဆန်တို့ သူတို့ အစွပ်စွဲခံနေရတဲ့ အမှုတွေကနေ ဘယ်လိုလွတ်မြောက်အောင် လုပ်ကြမလဲ၊ လက်နက်ကုမ္ပဏီကရော ဘယ်လိုပတ်သက်နေလဲ၊ စစ်တပ်ဘက်ကရော ဂျက်တို့ကို ဘယ်လို တိုက်ခိုက်လာမလဲ၊ ဂျက်ရဲ့ သမီးဖြစ်သူကရော ရှေ့လျှောက် ဘယ်လို ပါဝင်လာမှာလဲ စတဲ့ ရှုပ်ထွေးတဲ့ ဇာတ်လမ်း အကွေ့အကောက်တွေနဲ့ ရိုက်ကူးထားတဲ့ အက်ရှင်ကားကောင်းတစ်ကားကို ပရိသတ်ကြီး ဆက်လက် ကြည့်ရှုခံစားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။


Managing for Service Excellence ကျောင်းသား/သူများ
တောင်ငူ – သံတောင်ကြီး လေ့လာရေးခရီးစဉ်


Business Management & Administration
ကျောင်းသား/သူများ ကျိုက်ထီးရိုးခရီးစဉ်


Project Management
ကျောင်းသား/သူများ သံတောင်ကြီးခရီးစဉ်


Business Management & Administration
ကျောင်းသား/သူများ ကျိုက်ထီးရိုးခရီးစဉ်







# Dr. Daw Khin Ohn Thant MBA Scholarship နှင့် MBA Lucky Draw Scholarship များ ရွေးချယ်ချီးမြှင့်

**Dr. Daw Khin Ohn Thant MBA Scholarship**

Strategy First Institute ရဲ့နာယက ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အုန်းသန့်ကို ဂုဏ်ပြုသောအားဖြင့်ဒေါ်လာတစ်သောင်း MBA Scholarship ကို Dr. Daw Khin Ohn Thant MBA Scholarship အဖြစ် ချီးမြှင့်ဖို့ ဖိတ်ခေါ်ခဲ့ရာ လျှောက်ထားလာသူများအနက်မှ ဆန်ကာတင် (၅) ဦးကိုလူတွေ့စစ်ဆေးပြီးကိုညီညီနိုင် ဟာပညာသင်ဆုကိုထိုက်တန်စွာရရှိခဲ့ပါတယ်။

ကိုညီညီနိုင် ဟာ အသက် ၂၆ နှစ်ရှိပြီး B.A (Eng) ဘွဲ့နှင့် Diploma in Business Management ကိုလည်း ရရှိထားသူ တစ်ယောက်ဖြစ်ပါတယ်။ အင်္ဂလိပ်စာ အပြောအဆို၊အရေးအသားကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး ဘဏ်လုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်းများမှာ (၅) နှစ်ကျော်ကြာ လုပ်ကိုင်ခဲ့ပြီး ယခုလက်ရှိ Sales Manager & Quality Management Representative ရာထူးနဲ့ Myo Naing Nine Int'l Trading Co., Ltd မှာတာဝန်ထမ်းဆောင်နေပါတယ်။

**Strategy First** မှ ချီးမြှင့်တဲ့ MBA ကို တက်ရောက်ပြီးဘဝဆစ်ချိုးပြောင်းလဲရန်တက်လမ်းတစ်ခု ရရှိနိုင်မယ်လို့ မျှော်လင့်ထားသူဖြစ်ပါတယ်။

စံပြကျောင်းသားအနေနဲ့ရော နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ပါ အများကောင်းကျိုးဆောင်ရွက်သွားမယ်လို့ ကတိကဝတ် ပြုထားပါတယ်။

ကိုညီညီနိုင်ဟာ Dr. Daw Khin Ohn Thant MBA Scholarship ဒေါ်လာတစ်သောင်းကို **Strategy First Institute** မှ ပူးပေါင်းဖွင့်လှစ်သော Heriot-Watt University – Edinburgh Business School ရဲ့ MBA Program ကို တက်ရောက်ဖို့အတွက် အသုံးပြုသွားမှာဖြစ်ပါတယ်။

လာရောက် လျှောက်ထားကြသူများ အနက်မှ ထူးချွန်သူ ဆန်ကာတင် (၅) ဦးကို နာယကကြီးများဖြစ်ကြတဲ့ဆရာမကြီးပါမောက္ခ ဒေါက်တာ ဒေါ်လှမြင့်နဲ့ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အုံးသန့်တို့မှ လူတွေ့မေးမြန်းပြီး ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။

ဆန်ကာတင်အဆင့်အထိ ရွေးချယ်ထားသူများအတွက်လည်း **Strategy First** မှာ ဖွင့်လှစ်ထားတဲ့သင်တန်းများအားလုံးမှာအသုံးပြုနိုင်မယ့် (၅) သိန်းဖိုး သင်တန်းကြေး Scholarship တစ်ဆုစီ ချီးမြှင့်အပ်ပါလိုက်ပါတယ်။ ဆန်ကာတင်ရွေးချယ်ခံရသူများကတော့

1. မတင်ဇာဦး (Inland Water Transport)
2. မနီနီအေး (Myanmar Survey Research)
3. ကိုနန္ဒဝင်းနွယ် (Telenor Myanmar)
4. မသဉ္ဇာထက် (Dr.) (MSD)

တို့ဖြစ်ပါတယ်။

**MBA Lucky Draw Scholarship**

**Strategy First** မှ ကျောင်းသား/ သူဟောင်းများအတွက်လည်း MBA Lucky Draw Scholarship ကို ကံစမ်းမဲဖောက်ပေးခဲ့ရာ ကျောင်းမှာ Public Relations, Management of Travel and Tourism Operations, Sales and Sales Management နဲ့ International Business Communication ဘာသာရပ်တို့ကိုတက်ရောက်ခဲ့သောကျောင်းသူမဆောင်းသဇင်မှဒေါ်လာတစ်သောင်း Scholarship ကို ကံထူးသွားခဲ့ပါတယ်။ Scholarship (၁၀) သိန်းတန် နှစ်ဆုကို ကံထူးသွားသူတွေကတော့ မမိုးပွင့်လွင် @ Kelly နဲ့ ကိုပြည့်ဖြိုးပိုင်တို့ ဖြစ်ပါတယ်။

Scholarship များမှာ **Strategy First Institute** ရှိ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနဲ့ ဝန်ထမ်းအဖွဲ့သားများရဲ့ပညာဒါနအလှူဖြစ်ပါတယ်။

နောင်အကြိမ်များတွင်လည်း ထပ်မံလျှောက်ထားနိုင်ပါတယ်။




## r*vmqkeåumif

ကိုညက်လင်းဦး နှင့် မချစ်စန်းယု (STRATEGY FIRST ကျောင်းသူ) တို့ရဲ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်တွဲ ဖြစ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။



## STRATEGY FIRST INSTITUTE မှ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

၂၀၁၇ ခုနှစ် ဇန်နဝါရီ (၈) ရက်နေ့မှာ STRATEGY FIRST မှကျောင်းသား/သူများ၊ ဆရာ/မများနဲ့ ဝန်ထမ်းများရဲ့ပထမဆုံးအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပခဲ့ကြပါတယ်။ ဗဟိုအမျိုးသားသွေးလှူဘဏ်မှာစုပေါင်းသွေးလှူခဲ့ကြကာ အလှူငွေများလည်း ထည့်ဝင်လှူဒါန်းခဲ့ကြပါတယ်။





## မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော (၁၀)ကြိမ်မြောက် မြန်မာ့အလုပ်ကိုင်အခွင့်အလမ်းပြပွဲ၌ ဆရာဦးအောင်ချစ်ခင် ဟောပြော



ဟောပြောပွဲ ဗီဒီယိုကို QR Code ကို Scan ဖတ်ပြီး ကြည့်ရှုနိုင်ပါတယ်။

## r*vmqkeåumif

ကိုစိုးသီဟထွန်းနှင့် မလှစန္ဒာတိုး (STRATEGY FIRST ကျောင်းသားနှင့် ကျောင်းသူ) တို့ရဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင်စိတ်ချမ်းသာ ကိုယ်ကျန်း မာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်းမင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။



## r*vmqkeåumif

ကိုအောင်ခန့်စိုး နှင့် မသင်းသီရိဆွေ (STRATEGY FIRST ကျောင်းသားနှင့်ကျောင်းသူ) တို့ရဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင်စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်းမင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။



## r*vmqkeåumif

ကိုသီဟန်စိုးနှင့် မခိုင်ဆွေလတ် (STRATEGY FIRST ကျောင်းသူ) တို့ရဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်လက်တွဲဖြတ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။








# စံ – ဇာဂဏီဘို ဟောစာတမ်း

၂၀၁၇ ဇန်နဝါရီလ (၂၃) ရက်နေ့မှ ၂၀၁၇ ဖေဖော်ဝါရီ (၆) ရက်နေ့အထိ



### တနင်္ဂနွေနေ့မွေးသူများ

နှစ်မြှုပ်ခြင်းနိမိတ် ဖုံးလွှမ်းသည်။ ငွေမြှုပ်နှံက ပြန်ဖော်ရန်ခက်ခဲမည်။ လုပ်ငန်းတစ်စုံတစ်ရာ စတင်လိုက်က လုပ်ငန်းအတွင်း ငွေကြေးရော ဘဝပါ နှစ်မြုပ်ရကိန်း ကြုံရမည်။ အကျိုးရှိမည်မဟုတ်။ သဘာဝဥပဒ်ကြောင့်အလေအလွင့် အပျက်အစီးများဖြစ်နိုင်သည်။ ရေလမ်းခရီးတွင် အပျော်ခရီးသွားခြင်း ရှောင်ရမည်။ ရေတွင် အပျော်မကစားရ။ အလုပ်တာဝန်နှင့်မဟုတ်ဘဲ ရေလမ်းခရီးလုံးဝမသွားရ။ အရေးကြီးသော စာရွက်စာတမ်းများကို ရေထိ၍ပျက်ယွင်းနိုင်သော နေရာမှ ရွှေ့ပြောင်းထားသင့်သည်။ ပညာသင်တန်း ကံကောင်းသည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ မိတ်ဆွေကောင်း အကူအညီရမည်။ တစ်ပိုင်းတစ်စ ရပ်တန့်ထားသော အလုပ်ကိစ္စများ အောင်မြင်မည်။ဤကာလအတွင်း ကံကောင်းစေသောအရောင် – အပြာရောင်၊ အနီရောင်၊ ပန်းရောင်။ အကျိုးပေးဂဏန်း – ၂၊ ၆၊ ၀၊ ၄။ ယတြာ – တနင်္ဂနွေနေ့ တစ်ရက်တွင် အိမ်ရှိဘုရားစင်အား အုန်းထမင်းဆွမ်းတော်တင်ပါ။



### တနင်္လာနေ့မွေးသူများ

အခက်အခဲ ပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်နေရသော ဆွေမျိုး၊ မိတ်ဆွေတို့ကို ကူညီရကိန်းဆိုက်သည်။ တွက်ဆထားသည်ထက် ကုန်ကျစရိတ် များပြီး၊ လက်ဝယ်ငွေပြတ်တတ်သည်။ မသုံးမဖြစ်သုံးစွဲရသော အနေအထားရှိမည်။ ချက်ချင်းလက်ငင်း ငွေရမည်ဟု ထင်မှတ်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းသောငွေများ လုပ်ငန်းပြီးသည့်တိုင် ငွေမရဘဲဖြစ်မည်။ ကြားစိုက်ငွေကုန်သည့်အတွက် စိတ်ပင်ပန်းရမည်။ ကတိစာချုပ်များ ပြင်ဆင်ချုပ်ဆိုရခြင်းရှိမည်။ ပုံစံသစ်၊ ဦးတည်ချက်သစ်နှင့် ရှေ့တိုးလုပ်ကိုင်သောကိစ္စများ တွက်မှန်းထားသည်ထက် ပို၍စိုက်ထုတ်သုံးစွဲရခြင်းရှိကာ လုပ်ငန်းအောင်မြင်ပြီး အမြတ်အစွန်းနည်းမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – မီးခိုးရင့်ရောင်၊ အပြာရင့်ရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း – ၅၊ ၈၊ ၉၊ ၀။ ယတြာ – တနင်္လာနေ့တွင် စိန်ချယ်ပန်း(သို့)စံပယ်ပန်း ဘုရားပန်းကပ်လှူပါ။ အလှပန်းအိုးထိုးပါ။



### အင်္ဂါနေ့မွေးသူများ

ပြဿနာများ၊ အခက်အခဲများ ဖြေရှင်းနေဆဲ မမျှော်လင့်ဘဲငွေဝင်မည်။ အခွင့်အရေးကောင်းရမည်။ နီးနီးစပ်စပ် ရှိနေသော အခြေအနေနှင့် ပတ်ဝန်းကျင်တို့ကို အသုံးချ၍ထင်ရှားသောတိုးတက်မှုများရမည်။ တစ်ပါးသူအထောက်အကူများ၊ အရပ်တစ်ပါးမှ အဆက်အသွယ်များကို စောင့်စားနေခြင်းထက် ရှိရင်းစွဲအနေအထား အတိုင်းရှေ့တိုးဆောင်ရွက်လိုက်ပါ။ အလုံးစုံအဆင်ပြေသွားမည်။ စာရွက်လွတ်တစ်ခုပေါ်တွင်လက်မှတ်ထိုးပေးရကိန်းကြုံမည်။ မလုပ်ဆောင်ပါနှင့်။ လွတ်အောင်ရှောင်ပါ။ ဒုက္ခရောက်နေသော အင်္ဂါနေ့မွေးသူအား သနားညှာတာစိတ်နှင့် ကူညီခြင်းမပြုရ။ နှစ်ဦးနှစ်ဘက်စလုံး အကျိုးမရှိ။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အဖြူရောင်၊ အစိမ်းရောင်၊ အပြာရင့်ရောင် ။ အကျိုးပေးဂဏန်း – ၂၊ ၇၊ ၃၊ ၄ ။ ယတြာ – အင်္ဂါနေ့တွင် ဆန်(၃)ပုံပုံ၍ ကြက်၊ ငှက်၊ ခို အစာကျွေးပါ။



### ဗုဒ္ဓဟူးနေ့မွေးသူများ

တိုးတက်ခြင်းနှင့်အတူ ရန်မီးများလည်း ပွားတတ်သည်။ တစ်ပါးသူက တစ်ထစ်ချ သူ့အတွက်ရရှိလိမ့်မည်ဟု မျှော်မှန်းတွက်ဆထားသော အခွင့်အလမ်းသည် ထိုသူအားကျော်၍မိမိထံရောက်ရှိလာမည်။ မလိုတမာစိတ်၊ မခံချင်စိတ်နှင့် တိုးတက်မှုအပေါ် လိုက်လံနှောင့်ယှက်ခြင်းများကြုံမည်။ ဆက်ဆံရသော ဝန်းကျင်သစ်က လိုလိုလားလား မရှိခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ အရပ်ဝေးခရီးကိစ္စများအတွက် အခွင့်အရေးကောင်းများ ရရှိမည်။ ပညာသင်တန်းများနှင့် ပတ်သက်သော ကိစ္စများ အဆင်ပြေမည်။ စုပေါင်းတွဲဖက်သောလုပ်ငန်းများ အကျိုးပေးမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – နက်ပြာရောင်၊ မီးခိုးရောင်၊ ခရမ်းရောင်။ အကျိုးပေးဂဏန်း – ၁၊ ၀၊ ၇၊ ၈။ ယတြာ – ဗုဒ္ဓဟူးနေ့တွင် လမုန့်တစ်ချပ် ဆွမ်းတော်တင်ပါ။ ရွှေရင်အေးဒါနပြုပါ။



### ကြာသပတေးနေ့မွေးသူများ

အခက်အခဲများကျော်လွှား၍ အလုံးစုံအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်သောကိစ္စများမှ ထင်ရှားသော တိုးတက်မှုများ ဖြစ်ပေါ်မည်။ နေအိမ်နေရာ၊ အလုပ်နေရာ အပြောင်းအရွှေ့များအတွက် အသစ်ပြင်ဆင်ရမည်။ ဘဝတစ်ခုလုံးအတွက် အရေးပါသော ဆုံးဖြတ်ချက်များကို ဤရက်ပိုင်းအနည်းငယ်အတွင်းပြတ်သားစွာဆုံးဖြတ်ပါ။ မူလအခြေအနေထက်အနည်းငယ်ယုတ်လျော့လင့်ကစားအနာဂတ်အတွက်အကျိုးရှိသောလမ်းကြောင်း ပေါ်သို့ကျရောက်မည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – ပန်းရောင်၊ အနီရောင်၊ အပြာရောင်။ အကျိုးပေးဂဏန်း – ၂၊ ၁၊ ၀၊ ၅။ ယတြာ – ကြာသပတေးနေ့တွင် သစ္စာပန်း(၆)ခိုင် ဘုရားပန်းကပ်လှူပါ။ မုန့်ဟင်းခါး ဒါနပြုပါ။



### သောကြာနေ့မွေးသူများ

အတိတ်ကာလမှ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်။ ယခင်ဆောင်ရွက်ထားပြီး ပြီးမြောက်အောင် အောင်မြင်ခြင်းမရှိသေးသော ကိစ္စများ ကို ပြန်လည်ဆောင်ရွက် အောင်မြင်မည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်သောကိစ္စများမှ ထူးခြားစွာ အောင်မြင်မည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ မတော်တဆ ထိခိုက်ရှနာခြင်းများဖြစ်မည်။ လျှပ်စစ်မီးအန္တရာယ်ဂရုစိုက်ပါ။ ဆီပူ၊ ရေနွေးပူ၊ အက်ဆစ်လောင်မှုများ ဖြစ်လွယ်သည်။ မိတ်ဆွေအကြီးအကဲများနှင့်တွေ့ဆုံ၍အထောက်အကူကောင်းရမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အနီရောင်၊ ကြက်သွေးရောင်၊ အပြာရင့်ရောင်။ အကျိုးပေးဂဏန်း – ၃၊ ၆၊ ၅၊ ၁၊ ၂ ။ ယတြာ – သောကြာနေ့တွင် သတ်သတ်လွတ် သီးစုံပဲကုလားဟင်းချက်၍ ဆွမ်းလောင်းပါ။



### စနေနေ့မွေးသူများ

ဆောင်ရွက်သမျှထွန်းထွန်းပေါက်ပေါက် တိုးတက်မည်။ အခက်အခဲများ ပြေလည်အောင် ဆောင်ရွက်နိုင်မည်။ အနှောင့်အယှက်များကို ပြေလည်အောင် ဆောင်ရွက်နိုင်သည်။ ငွေကြေးရေးရာကိစ္စမှန်သမျှရှေ့တိုးဆောင်ရွက်သင့်သည်။ အလုပ်ရှာဖွေသူအလုပ်ကောင်းရမည်။ နေရာအပြောင်းအရွှေ့ပြုလိုသူဆန္ဒပြည့်မည်။ ရင်းနှီးမြှုပ်နှံမှု အသစ်များမှ အကျိုးကောင်းရမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်မှုများမှ ထူးခြားသော အကျိုးဆက်ရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အဝါရောင်၊ အစိမ်းရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း – ၈၊ ၂၊ ၄၊ ၀။ ယတြာ – စနေနေ့တွင် ထောပတ်သီးဖျော်ရည် ဒါနပြုပါ။ အထည်ဟောင်းများစွန့်ပစ်ခြင်း၊ ပေးကမ်းခြင်းပြုပါ။

ချမ်းမြေ့မေတ္တာ တို့ပြန်ပါသည်။

စံ – ဇာဂဏီဘို

in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

AYA Bank
Your Trusted Partner ရော့ဝတီဘဏ်

**AYA Bank Education Loan နှင့် သင်တန်းကြေးပေးသွင်းခြင်း**

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၂,၄၉၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၆၁၂,၀၀၀ ကျပ် |
| ဘဏ်အတိုးအပါကျသင့်ငွေပေါင်း | ၁၃,၅၀၆,၀၀၀ ကျပ် |

- သင်တန်းကြေးကို (၆) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကိုလျှောက်ထား ခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။

ဒေါ်လာဈေး ၁၂၉၀ ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား / ကျောင်းသူဟောင်းများအတွက် အထူး Discount ကို စုံစမ်းနိုင်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

## STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

**SFJ** ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## *The* STRATEGY FIRST *Times*



လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

# ကြော်ငြာများ လက်ခံနေပါပြီ။


#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com